
ယုံချင်ယုံ မယုံချင်ယုံ ငါ မင်းကိုဖမ်းမိပြီ
ဘာသာပြန် စာရေးဆရာ - Marshmallow
(အစဥ်-၃)
(Chapter 21 - 30)

# အပိုင်း(၂၁)
# ပြင်းထန်သောတိုက်ပွဲ

အပြင်ဘက်ပြတင်းပေါက်ကနေ အဆက်မပြတ်ချည်းကပ်လာနေတဲ့ အငြိုးကြီးဝိညာဉ်ရှိတယ်ဆိုတာ သံလိုက်အိမ်မြှောင်မှ အနီရောင်အလင်းရောင်က ချန်းယုကိုသတိပေးနေလေတယ်၊ ပြီးတော့ ပုံမှန်မဟုတ်တဲ့အမြန်နှုန်းက ချန်းယုပြင်ဆင်မှုတွေ ပြီးမြောက်ဖို့ အချိန်မရလုနီးပါးဖြစ်သွားစေလေသည်။

သူမလှည့်လိုက်ပြီး အဆောင်တွေနဲ့ပြည့်နေတဲ့ အဝတ်အိတ်နှင့် စားပွဲပေါ်က သံလိုက်အိမ်မြှောင်ကို ကောက်ယူလိုက်ကာ၊ သူမကိုယ်၌ ပေ့ါပေ့ါပါးပါးချိတ်ဆွဲလိုက်လေတယ်။ သူမပြတင်းပေါက်ကနေ ခုန်မဆင်းလိုက်ခင် အိမ်စီးဖိနပ်လဲစီးဖို့တောင် အချိန်မရလိုက်လေဘူး။

"မင်ဘာလုပ်နေတာလဲ?" တုန်ချောင်း မနေနိုင်ဘဲ ရုတ်တရက်မေးလိုက်လေတယ်၊ ချန်းယုရဲ့မျက်နှာပေါ်က လျင်လျင်မြန်မြန်ပြောင်းလဲနေတာကိုမြင်လိုက်ပြီး၊ သူမအိတ်ကိုကိုင်ပြီး ခုန်ချရန်ပြင်နေလေသည်။

မေ့သွားတော့မလို့၊ ဒီလူကဒီမှာရှိနေသေးတာပဲ အာ။

ချန်းယု လက်ဆန့်ထုတ်ပြီး တုန်ချောင်းရဲ့လက်မောင်းကို ဆွဲလိုက်ကာ၊ သူမလက်ကိုမြှောက်ပြီး၊ သူ့ကိုပြတင်းပေါက်အပြင်ဘက် ပစ်လိုက်လေတယ်၊ မခုန်ချလိုက်ခင် တုန်ချောင်းရဲ့ ကြောက်ရွံ့စရာအော်ဟစ်သံကြီးက

နောက်ကလိုက်ပါလာလေသည်။

"မင်းငါ့ကိုသတ်ပစ်ဖို့ကြိုးစားနေတာလား?!" တုန်ချောင်း သူ့ကိုယ်ကို မြဲအောင်ပြင်လိုက်ပြီးနောက် အပြင်းအထန်မေးလိုက်ပြီး ချန်းယုထံ ထပ်မံလွှင့်မျောလိုက်လေသည်။

"နင်မသေချင်ဘူးဆိုရင်၊ ပါးစပ်ပိတ်နေလိုက်။" ချန်းယု အလယ်အလတ်ပယောဂနှင်တဲ့အဆောင်တစ်ခု သူမအဝတ်အိတ်ထဲကနေ ထုတ်ယူလိုက်ပြီး၊ မတုံ့ဆိုင်းနေဘဲ မြောက်ဘက်ခြံဝန်းရှိရာဘက်ကို ပြေးသွားလိုက်လေသည်။

ဒီအငြိုးကြီးသရဲရဲ့မကောင်းမှုစွမ်းအားက အရမ်းသန်မာလေတာကြောင့် သူမမနီးကပ်လာခင်ကတည်းက အန္တရာယ်ကိုခံစားနေရပြီဖြစ်လေတယ်၊ ဒါကြောင့် လူများတဲ့နေရာမှာ သူမမတိုက်ခိုက်နိုင်လေဘူး။ ခြံဝင်းတစ်ခုလုံးထဲမှာ၊ မြောက်ဘက်က လော့မင်ရဲ့ခြံဝန်းအသေး၏ ဘယ်သူမှမရှိတဲ့ပန်းခြံအသေးလေးက သူမလွတ်လွတ်လပ်လပ်လှုပ်ရှားနိုင်တဲ့နေရာဖြစ်လေသည်။

အိမ်စီးဖိနပ်စီးရတာ ချန်းယုအတွက်အဆင်မပြေနေလေဘူး၊ ဒီတော့ သူမခြေထောက်ကနေ အဲ့တာတွေကိုချွတ်လိုက်ပြီး အရှေ့ကို ခြေဗလာနဲ့ ပြေးသွားလိုက်လေသည်။

တုန်ချောင်း၊ ချန်းယု ရုတ်တရက်စိတ်လှုပ်ရှားလာတာလို့ တွေးနေတဲ့သူ၊ ဒီအချိန်၌ တစ်ခုခုမှားနေတယ်ဆိုတာကို ရှာတွေ့သွားလိုက်လေတယ်။ မိန်းကလေးရဲ့မျက်နှာအမူအရာတွေနဲ့ လှုပ်ရှားမှုတွေက တစ်စုံတစ်ရာဖြစ်တော့မယ်ဆိုတာ သက်သေပြနေလေသည်။

"ဘာတွေဖြစ်နေတာလဲ?" တုန်ချောင်း ချန်းယုနောက်ကနေ စိတ်လှုပ်တရှားမေးလိုက်လေသည်။

"နင့်ဒုတိယဦးလေးလာတဲ့အထိ တောင့်ခံနိုင်လား မတောင့်ခံနိုင်ဘူးလားဆိုတာ နင့်အပေါ်မူတည်သွားပြီ။" သူမပြောရင်း၊ ညထက်တောင်ပိုပြီးနက်မှောင်တဲ့ အလွန့်အလွန်မည်းနက်တဲ့ အနက်ရောင်မကောင်းမှုတိမ်တိုက်တစ်ခု မြန်မြန်ချည်းကပ်လာလေသည်။ သူမယင်-ယန်မျက်လုံးတွေကို မဖွင့်ထားဘူးဆိုရင်တောင်မှ၊ ထူးထပ်တဲ့မကောင်းမှုစွမ်းအင်ကို ချန်းယုရှင်းရှင်းလင်းလင်းမြင်နိုင်လေသည်။

"အဲ့တာဘာတွေလဲ?" တုန်ချောင်းရုတ်တရက် အေးစိမ့်စိမ့်ခံစားလိုက်ရလေသည်။ သူဝိညာဉ်ဖြစ်လာပြီးကတည်းက ဘာတစ်ခုခုကိုမှမခံစားနိုင်တာကြောင့် ဒါကထူးဆန်းနေလေသည်။

"ရှေ့ကိုပြေး။" ချန်းယုရဲ့ခြေထောက်တွေ မရပ်တန့်သွားလေဘူး။ လူတစ်ယောက်နဲ့ ဝိညာဉ်တစ်ခု ပန်းခြံအသေးလေးရှေ့က အိမ်ကိုရောက်တဲ့အထိ သူတို့ဆက်လက်ပြေးသွားလေသည်။

ဒီအိမ်က လော့မင်ကိုကာကွယ်ပေးတဲ့ အထူးစစ်သားတွေ မှီခိုနေထိုင်ရာ အိမ်ဖြစ်လေသည်။ အဲဒီအချိန်မှာ၊ ဟဲကျို၊ ဒုတိယထပ်ကပြတင်းပေါက်နား ဆေးလိပ်သောက်နေတဲ့သူ၊ မြေပြင်ပေါ်က လှုပ်ရှားမှုတွေကိုရုတ်တရက်ကြားလိုက်ရလေသည်။ သူအောက်ကိုငုံ့ကြည့်လိုက်တော့ ချန်းယုကိုရှာသွားလိုက်လေသည်။ သူမနေနိုင်ဘဲ တီးတိုးရေရွတ်လိုက်လေတယ်၊ "ချန်းမိသားစုကမိန်းကလေးက ငါတို့တတိယသခင်လေးကို အရမ်းသဘောကျပုံပဲ၊ သူတို့ ဒီနေ့လယ်ခင်းကမှ ခွဲသွားကြတာကို အာ။"

ဝိညာဉ်တွေမှာ အလေးချိန်မရှိလေတာကြောင့်၊ အဲ့တာက ချန်းယုထက်မြန်မြန်ရွေ့လျားနေလေသည်။ အဲဒီအနက်ရောင်အရှိန်အဝါကနေတုန်ချောင်းအန္တရာယ်ကိုခံစားလိုက်ရလေတယ်၊ ပြီးတော့ ချန်းယုရဲ့ညွှန်ကြားချက်ကိုကြားပြီးနောက်၊ သူပန်းခြံအသေးလေးရှိရာဦးတည်ဘက်

ကို အရင်ဆုံးပျံသန်းသွားလိုက်လေသည်။ သို့သော်၊ အနက်ရောင်အရိုန်အဝါက သိသိသာသာ သူ့ထက်မြန်တဲ့အရှိန်နဲ့လှုပ်ရှားနေလေတယ်၊ ပြီးတော့ အဲ့တာက မျက်စိတစ်မှိတ်အတွင်း အရှေ့ကိုရောက်ချလာလေသည်။

အနက်ရောင်အရှိန်အဝါက တုန်ချောင်းကိုတိုက်ရိုက်လိုက်ဖမ်းနေတာကို ချန်းယုမြင်လိုက်တယ်၊ ဒီတော့ သူမတုံ့ဆိုင်းမနေတော့ဘဲ သူမလက်ထဲက အလယ်အလတ်အဆင့်ပယောဂနှင်တဲ့အဆောင်ကို လေထဲကိုပစ်လိုက်လေသည်။

အသံကျယ်ကျယ်နဲ့အတူ၊ ပယောဂနှင်တဲ့အဆောင်က နက်မှောင်မှုနဲ့တိုက်မိသွားလေကာ၊ လေထဲမပျောက်ကွယ်သွားခင် အပြာရောင်မီးတောက်အဖြစ် ပြောင်းလဲသွားလေသည်။ လေထဲကအနက်ရောင်စွမ်းအင် တုံ့သွားကာ၊ ချန်းယုရဲ့တည်ရှိမှုကို အခုမှရှာတွေ့သွားပုံပေါ်လေတယ်၊ ပြီးနောက် သူမရှေ့ရပ်လိုက်လေသည်။

ခန္ဓာကိုယ်ကိုတောင်မမြင်နိုင်ဘူးလား?

သူမရှေ့က သန်မာတဲ့အနက်ရောင်ဝိညာဉ်ကို ချန်းယု ထိတ်လန့်တဲ့အမူအရာနဲ့ကြည့်လိုက်လေတယ်; သူမ သရဲရဲ့ခန္ဓာကိုယ်ကိုတောင် မမြင်နိုင်လေဘူး။ တကယ့်ကို၊ ဒီလိုသန်မာတဲ့သရဲတွေသာ ဒီလိုသန်မာတဲ့မကောင်းမှုစွမ်းအင်ရှိနိုင်လေသည်။ အဆင့်မြင့်ပယောဂနှင်အဆောင်ကိုကိုင်ရင်း၊ ချန်းယုရဲ့လက်တွေ အနည်းငယ်ခါယမ်းသွားလေသည်။

ဘုန်း!

အနက်ရောင်အငွေ့အတုံးသေးလေး မကောင်းမှုဝိညာဉ်ကနေ ရုတ်တရက်ခွဲထွက်သွားလေပြီး ချန်းယုကိုအရှိန်ပြင်းပြင်းနဲ့တိုက်လိုက်လေသည်။ သူမစုစည်းထားတဲ့စွမ်းအင်နဲ့အတူ သူမလက်ကိုမြှောက်ကာချည်လိုက်ပြီး တိုက်ခိုက်မှုကိုတားလိုက်လေတယ်၊ ဒါပေမဲ့ ပြင်းထန်ပြီးကြောက်

စရာကောင်းတဲ့အရှိန်အဝါနဲ့ အဲ့တာမယှဉ်နိုင်လေဘဲ သူမကိုတိုက်ရိုက်ထိသွားကာ အဝေးကိုလွင့်ထွက်သွားလေသည်။

ဟဲကျီ၊ ဒုတိယထပ်ကနေကြည့်နေတဲ့သူ၊ ချန်းယုရုတ်တရက် တစ်နေရာရာကိုပျံထွက်သွားတာကိုမြင်လိုက်လေတယ်; သူ့မျက်နှာအမူအရာကထိတ်လန့်သွားသလိုမျိုးပဲ။ သူက တတိယသခင်လေးနဲ့ရှိလာတာ အချိန်အတော်ကြာနေလေပြီ၊ ဒီတော့ ရုပ်လွှန်ပညာအကြောင်း သူတစ်ခုနှစ်ခုလောက်တော့ ပင်ကိုအလျောက်သိနေလေသည်။ ချန်းယုကို လိုက်နေတဲ့ တစ်စုံတစ်ခုရှိရမယ်လို့ သူခန့်မှန်းလိုက်လေသည်။

ဘာတွေဖြစ်နေလဲဆိုတာ အနီးကပ်သွားကြည့်တော့မယ့်ဟဲကျီ ချန်းယုပြန်ထလာပြီး ဆက်ပြေးနေတာကိုမြင်လိုက်လေသည်။

အဲဒီဦးတည်ရာနေရာက တတိယသခင်လေးရှိရာဘက်ဆီဖြစ်လေသည်။

"တတိယသခင်လေး!" ဟဲကျီထိတ်လန့်သွားလေသည်။ သူအခန်းထဲပြန်ပြေးသွားပြီး သူ့ရေဒီယိုကိုထုတ်လိုက်လေတယ်၊ အပြင်ဘက်ကအခြေအနေကို ချင့်ချိန်ရန်အတွက် အိမ်နောက်ကပြတင်းပေါက်ကို အလျင်အမြန်အလောတကြီးပြေးသွားလိုက်လေသည်။ လော့မင်ရဲ့ခြံဝန်းဆီ ချန်းယုမပြေးသွားလိုက်လေဘဲ၊ ထိုအစား အဲဒီဘေးက ပန်းခြံအသေးလေးထဲ သူမပြေးသွားတာကို ဟဲကျီမြင်လိုက်လေတယ်၊ ဒီတော့ သူ့ရေဒီယိုကို ဟဲကျီဖြည်းဖြည်းချင်းပြန်ချလိုက်လေသည်။ [T/N: ရေဒီယို = စကားပြောစက်]

ပန်းခြံထိသွားတဲ့လမ်းတစ်လျှောက် အနက်ရောင်အရှိန်အဝါကို ချန်းယုလိုက်လံဖမ်းဆီးနေလေတယ်၊ ဒါပေမဲ့ သူ့အမြန်နှုန်းက အရမ်းမြန်ဆန်လေတယ် ပြီးတော့ အဲ့တာက သူမကိုနောက်မှချန်ထားလိုက်ပြီး စက္ကန့်အနည်းငယ်အတွင်း တုန်ချောင်းကိုလိုက်လံဖမ်းဆီးနေလေသည်။ ကြီးမား

တဲ့အနက်ရောင်အဝတ်လို အနက်ရောင်အရှိန်အဝါ ရုတ်တရက်ဖောင်းလာ ကာ တုန်ချောင်းရဲ့ဝိညာဉ်တစ်ခုလုံးကို ရစ်ပတ်လိုက်တာကို ချန်းယုမြင် လိုက်လေသည်။

ရွှေရောင်အလင်းတဖြတ်နဲ့အတူ၊ အနက်ရောင်ဝတ်ရုံက သန်မာတဲ့ စိတ်စွမ်းအင်က အဝေးလွင့်သွားလေသည်။

တစ်ချိန်ထဲမှာပဲ၊ မိုင်တစ်ထောင်လောက်ဝေးကွာတဲ့အကွာအဝေးက စင် တာတစ်ခုထဲမှာ၊ ခြေထောက်တွေကို ဇိမ်ကျကျအနှိပ်နယ်ခံနေတဲ့လူအိုကြီး ရုတ်တရက်သူ့မျက်လုံးတွေကို ဖွင့်လိုက်လေသည်။

"မစ္စတာလောင်၊ ကျွန်တော်နှိပ်တာ အရမ်းပြင်းသွားလို့လား?" လူအိုကြီးရဲ့ မျက်နှာက မှားနေတယ်ဆိုတာကို သူမြင်လိုက်တော့ လူအိုကြီးကိုနှိပ်နယ် ပေးနေတဲ့ ကောင်ငယ်ကလေး ဂရုတစိုက်မေးလိုက်လေတယ်။

"ဘာမှမဟုတ်ဘူး၊ ဆက်လုပ်ပါ။" လူအိုကြီး သူ့မျက်လုံးတွေကိုမ မှိတ်လိုက်ခင် ခဏလောက်ရပ်သွားပြီး၊ ထိုင်ခုံပေါ်ပြန်ထိုင်လိုက်လေသည်။

အဲဒီမိန်းကလေးရဲ့ဘဝသက်တမ်းက မတိုတော့ သူမမသေနိုင်လောက်ပါ ဘူး။ အမ်၊ ငါအနှိပ်ပဲဆက်ခံလိုက်တော့မယ်။

ချန်းယု အဲဒီအချိန်ကွာခြားချက်ကို အသာစီးယူလိုက်ပြီး သူမနောက်က တုန်ချောင်းကိုကာကွယ်ရန် ပြေးသွားလိုက်သည်။

"အဲ့တာဘာလဲ?" တုန်ချောင်း အနက်ရောင်အရှိန်အဝါထဲ ပတ်ရုံခံနေရ တုန်းက၊ သူဝါးမျိုခံလိုက်ရတော့မယ်လို့ သူခံစားနေရလေသည်။

"ဒီကနေထွက်သွား" ချန်းယု သူမအဝတ်အိတ်ထဲကနေ အလယ်အလတ် ပယောဂနှင်တဲ့အဆောင်ငါးခု ထုတ်ယူလိုက်လေသည်။

တစ်မီလီယံကုန်သွားပြီ၊ ငါ့နှလုံးသားကနာလိုက်တာ။

ချန်းယုနဲ့ အရမ်းဝေးဝေးကို တုန်ချောင်းမသွားရဲလေဘူး။ ဒီအနက်ရောင် အရှိန်အဝါရဲ့ပစ်မှတ်က သူကိုယ်တိုင်ဖြစ်နေတယ်ဆိုတာကို သူနားလည် လေတယ်၊ ဒါပေမဲ့ ချန်းယု အဲဒီအရှိန်အဝါရဲ့အမြန်နှုန်းကို သိသိသာသာ လိုက်မမှီနိုင်လေဘူး။ သူသာအဝေးကိုပြေးသွားမယ်ဆိုရင်၊ ချန်းယု သူ့ကို အချိန်မှီကယ်တင်နိုင်မှာမဟုတ်လေဘူး၊ ဒီတော့ သူမဘေးနားပတ်နေနေဖို့ သူဆုံးဖြတ်လိုက်လေသည်။ ဒါကိုတွေးမိတော့၊ သူ့လက်ထဲက ကာကွယ်ရေး အဆောင်ကို တုန်ချောင်းတင်းတင်းဆုပ်လိုက်ကာ၊ ချန်းယုနောက်နှစ်မီတာ အကွာကို အကြောက်တရားနဲ့ရပ်နေလိုက်သည်။

ချန်းယုသူမလက်ကိုမြှောက်လိုက်ပြီး အဆောင်ငါးခုကို ပဥ္စဂံပုံစံပစ်လိုက် လေသည်။ သူတို့စိတ်စွမ်းအင်တွေ ဆက်စပ်နေရင်း သူတို့ကိုယ်သူတို့ အနက်ရောင်အရှိန်အဝါပေါ်ကပ်တွယ်နေပြီး တစ်စက္ကန့်အတွင်း ရွှေရောင် အလင်းတန်းတစ်ခုထုတ်လွှင့်ပေးလာလေသည်။ ဘုန်းဆိုတဲ့အသံနဲ့အတူ၊ အနက်ရောင်အရှိန်အဝါ ဘက်ပေါင်းစုံမှ ပျံ့နှံ့လှုပ်ရှားလာကာ၊ ထူထပ် သန်မာတဲ့အနက်ရောင်မြူကို ပျံ့နှံ့သွားစေကာ၊ မှေးမှိန်တဲ့အရိပ်တစ်ခု နောက်ဆုံးမှာပေါ်ထွက်လာလေသည်။

အဲ့တာက အရမ်းရှည်ကာအရမ်းကြီးတဲ့ ကိုယ်ဟန်ရှိလေသည်။ ဒီအငြိုး ကြီးသရဲက သူမသေခင် သေချာပေါက် အရမ်းကြံ့ခိုင်တဲ့အမျိုးသားတစ်ဦး ဖြစ်နေလိမ့်မယ်၊ ဒါပေမဲ့… ဒီမကောင်းမှုဝိညာဉ်က ဘာလို့အရမ်းတက်ကြွမှု အပြည့်ဖြစ်နေရတာလဲ?

အသက်ရှိဝိညာဉ်ရဲ့တက်ကြွမှုတောင် သူတို့ရဲ့ဝိညာဉ်အခြေအနေကြောင့် အရမ်းအားနည်းနေမှာဖြစ်လေသည်။ သို့ပါလျက်၊ ဒီလုံးဝသေဆုံးသွားပြီ ဖြစ်တဲ့မကောင်းမှုဝိညာဉ်က အသက်ရှိဝိညာဉ်နဲ့နီးစပ်တဲ့ တက်ကြွမှုမျိုးကို ပိုင်ဆိုင်ထားလေသေးသည်။ သူအဝေးကနေ လွင့်မျောလာတာကို အစော

ကသူမသာမမြင်လိုက်ဘူးဆိုရင်၊ သူ့နားကသိပ်သည်းတဲ့ အနက်ရောင်မကောင်းမှုဝိညာဉ်နဲ့ပေါင်းစပ်ပြီး၊ သူကသာမန်လူတစ်ယောက်လို့ ချန်းယုတွေးလုနီးပါးဖြစ်သွားစေလေသည်။

"နင့်မှာဘာလို့ ဒီလိုသန့်မာတဲ့တက်ကြွမှုမျိုးရှိနေရတာလဲ?" သူမဘယ်ဘက်လက်ထဲ သံလိုက်အိမ်မြှောင်ကိုကိုင်ပြီး သူမညာဘက်လက်ထဲ အဆောင်ကိုကိုင်ကာ အနက်ရောင်မြုထဲကအမျိုးသားကို သတိနဲ့ကြည့်လိုက်လေသည်။

သို့သော် အဲဒီအချိန်၌၊ ဟဲကျီ၊ အပြာရောင်မီးတောက်နဲ့ လေထုထဲရွှေရောင်အလင်းဖျာထွက်လာပြီး ပဥ္စဂံပုံစံဖွဲ့စည်းလာတာကို မျက်မြင်တွေ့လိုက်တဲ့သူ၊ အံ့သြလွန်းတဲ့မျက်နှာအမူအရာနဲ့ ပါးစပ်ဟထားလေသည်။

ဟဲကျီ ရုပ်လွန်ပညာအခြေအနေတွေနဲ့ ကြုံတွေ့ဖူးလေတယ်၊ ပြီးတော့ လော့မိသားစုရဲ့ခြံဝန်းအသေးလေးထဲမှာ ဆရာမော်စီရင်ပေးထားတဲ့ ဝိညာဉ်စုစည်းစေတဲ့အစီအရင်ရှိတယ်ဆိုတာ သူသိလေတယ်၊ ဒါပေမဲ့ အဲ့ထဲ အရမ်းသက်တောင့်သက်သာဖြစ်တဲ့ခံစားချက်ကလွဲလို့၊ အခြားကွာဟချက်တွေကို ဟဲကျီသတိမထားမိလေဘူး။ နှစ်တိုင်း မြို့တော်တက္ကသိုလ်ကို တတိယသခင်လေး ကောင်းမွန်တဲ့စွမ်းအင်ကိုသုံးကာ သူ့မကောင်းမှုစွမ်းအင်တွေကို တားဆီးဖို့ သူလိုက်ပါသွားတုန်းကတောင်၊ သူ့မျက်စိရှေ့ အဲဒီမကောင်းမှုဝိညာဉ်ရှင်းလင်းတဲ့ဆိုတာအရာကို တစ်ခါမှမမြင်ဖူးလေဘူး။ သူတတိယသခင်လေးနဲ့ နှစ်ပေါင်းများစွာအတူရှိလာခဲ့ရင်တောင်၊ မကောင်းမှုစွမ်းအင်ကနေ မောပန်းတယ်လို့စိတ်ခံစားချက် ခံစားရတာကလွဲပြီး၊ ဟဲကျီ အတွေ့အကြုံတစ်ခုမှ တကယ်မတွေ့ကြုံခဲ့ဖူးလေဘူး။

သို့သော်၊ ချန်းယုရဲ့မန္တန်ကနေ အလင်းရောင်ဖျာထွက်လာတာကို အစောကဟဲကျီပထမဆုံးမြင်လိုက်ချိန် အဲဒီလျှို့ဝှက်ဆန်းကြယ်တဲ့အရာကို

တကယ်ပဲ မျက်မြင်မြင်တွေ့လိုက်ရလေသည်။

"ထျန်းဖေ" ဟဲကျီ ထပ်ပြီးတွန့်ဆုတ်မနေတော့ဘဲ သူ့ရေဒီယိုကို ကောက်ကိုင်လိုက်လေသည်။

"ခေါင်းဆောင်၊ ဘာကိစ္စရှိလို့လဲ?" ထျန်းဖေရဲ့အသံက စကားပြောစက်ကနေ ထွက်ပေါ်လာလေသည်။

"ချန်းမိသားစုရဲ့မိန်းကလေး ဒုက္ခရောက်နေပုံပေါ်တယ်။" ဟဲကျီပြောလိုက်လေသည်။

"သူမဘာဖြစ်နေလို့လဲ?" စကားပြောစက်ကနေ လော့မင်မေးလိုက်လေသည်။

"ချန်းယု" ဆိုတဲ့စကားလုံးပြောလာတာနဲ့၊ ဖားလျားကျနေတဲ့မကောင်းမှုဝိညာဉ် ဆတ်ခနဲလှုပ်လိုက်လေတယ်၊ အလင်းကင်းမဲ့နေတဲ့ အနက်ရောင်မျက်ဝန်းတွေနဲ့ ချန်းယုကို စိုက်ကြည့်လိုက်လေသည်။

ချန်းယု "မကောင်းတော့ဘူး" လို့ သူမနှလုံးသားထဲက အော်ဟစ်လိုက်လေတယ်၊ ရပ်နေတဲ့မကောင်းမှုဝိညာဉ်က ရုတ်တရက် မြင်ကွင်းအောက်က ပျောက်ကွယ်သွားပြီး သူမဆီပြေးဝင်လာတာကို သူမမြင်လိုက်ရလေသည်။

ချန်းယုလှိမ့်လိုက်ပြီး တစ်ဘက်သို့တိမ်းရှောင်လိုက်လေသည်။

မကောင်းမှုဝိညာဉ် ချန်းယုနဲ့အနှောက်အယှက်မဖြစ်ခံလေတော့ဘူး။ အတားအဆီးကို ဖယ်ရှားနိုင်သွားတာကိုမြင်လိုက်တော့၊ သူ တုန်ချောင်းဆီ ချက်ချင်းအလောတကြီးဝင်သွားလိုက်သည်။

"အား!"

မကောင်းမှုဝိညာဉ် တုန်ချောင်းဆီခုန်လိုက်ရင်း သူ့ပါးစပ်ကိုဖွင့်လိုက်လေ

ပြီး၊ အရင်ပုံမှန်အရွယ်ရှိတဲ့ပါးစပ်က တုန်ချောင်းဆီချည်းကပ်လာရင်း ပြဲဟလာလေသည်။ ကြောက်ရွံ့နေတဲ့တုန်ချောင်း သူ့မျက်လုံးတွေကိုမှိတ်ပြီး အော်တာသာလုပ်နိုင်လေတော့သည်။

ဘုန်း!

နောက်ထပ်ရွှေရောင်အလင်းတစ်ဖြတ်ပေါ်လာလေတယ်၊ ပြီးတော့ မကောင်းမှုဝိညာဉ် ပြန်၍ဆုတ်ခွာသွားရပြန်သည်။

ဝူလောင်၊ သူ့ခြေထောက်နှိပ်တာကိုခံပြီးသွားကာ အခုခြေထောက်ပြုစုတာကိုခံနေတာရဲ့အလယ်မှာ၊ သူ့မျက်လုံးတွေကို ထပ်မံဖွင့်လိုက်ပြန်လေတယ်။ "ဒုတိယအကြိမ်။"

"မစ္စတာလောင်၊ မင်းတစ်ခုခုလိုချင်လို့လား?" ကောင်ငယ်လေးလျှင်လျှင်မြန်မြန်မေးလိုက်လေသည်။

"ဘာမှမဟုတ်ပါဘူး။" အဆင့်မြင့်ကာကွယ်ရေးအဆောင်တစ်ခုက သုံးကြိမ်အသုံးပြုနိုင်လေတယ်၊ သုံးကြိမ်မတိုင်ခင် မိန်းကလေးသူ့ကိစ္စကိုပြီးဖို့ သူမျှော်လင့်လေတယ်၊ မဟုတ်ရင် သူမထိခိုက်သွားနိုင်လေသည်။ ထားလိုက်တော့၊ ဘာပဲဖြစ်ဖြစ်၊ ဒီမိန်းကလေးမသေနိုင်ပါဘူးလေ၊ ငါ့ပြုပြင်တာကိုပဲဆက်ပြီးလုပ်လိုက်တော့မယ်။ ထို့ကြောင့်၊ ဝူလောင် သူ့မျက်လုံးတွေကို ဇိမ်ရှိရှိဆက်ပြီးမှိတ်လိုက်လေပြန်သည်။

မန္တန်က သုံးကြိမ်သာအသုံးပြုနိုင်လေသည်။ အခုနှစ်ကြိမ်လောက်အသုံးပြုပြီးသွားပြီဖြစ်လေတယ်၊ တစ်ကြိမ်ထက်ပိုတာနဲ့ တုန်ချောင်းသေသွားနိုင်လေသည်။

ချန်းယုရဲ့အိတ်ထဲက အဆောင်တွေ ပိုက်ဆံတွေလွင့်မျောသွားသလို၊ အဲဒီမကောင်းမှုဝိညာဉ်ဆီ တစ်ခုပြီးတစ်ခုပျံသန်းသွားကြလေတယ်၊ တစ်ခု

ပျံသန်းသွားတိုင်း၊ ချန်းယုရဲ့နှလုံးသားကို ဓားနဲ့စိုက်ထိုးလိုက်သလို ခံစားရစေလေသည်။ အဲ့တာတွေအကုန်လုံးကပိုက်ဆံတွေလေ အာ။

တစ်ခုပြီးတစ်ခု၊ အပြာရောင်အလင်းတွေ ကောင်းကင်မှာ လင်းသွားလေတယ်၊ ညနက်ထဲ မီးရှူးမီးပန်းတွေအပြည့် ဖောက်ချလိုက်သလိုမျိုးပဲ။ ဒါကဟဲကျို သူ့ညီအစ်ကိုငါးယောက်နဲ့ပြေးလာချိန် မြင်လိုက်ရတာဖြစ်လေသည်။

ဒီလူခြောက်ယောက်က မြင်ကွင်းအကြီးကြီးတွေကို အရင်ကတွေ့ကြုံဖူးကြသူတွေဖြစ်လေတယ်၊ သူတို့ခုနှစ်ယောက်ထဲကတစ်ယောက်ကို အပြင်ဘက်ထားရတာကပြဿနာမဟုတ်လေဘူး၊ ဒါပေမဲ့ သူတို့ရှေ့ကအခြေအနေက ထူးဆန်းတာထက်ကျော်လွန်သွားလေပြီ။ သူတို့ရန်သူကိုတောင်မမြင်တွေ့နိုင်လေဘူး; သူတို့ကူညီချင်ရင်တောင်မှ ဘယ်ကနေစရမလဲဆိုတာ သူတို့မသိလေဘူး။

အဲဒီအချိန်၌၊ ဒီအနှောက်အယှက်ပေးတဲ့ကောင်းကင်ဘုံဆရာကိုသာ မရှင်းလင်းလိုက်ဘူးဆိုရင်၊ သူ့ရှေ့ကဝိညာဉ်ကို သူမဝါးမျိုနိုင်ဘူးဆိုတာကို သူနားလည်သွားပုံပေါ်လေသည်။ ထို့ကြောင့်၊ သူ့ပစ်မှတ်ကို ချန်းယုအဖြစ်ပြောင်းလိုက်လေတယ်၊ သူမရှေ့ကို မျက်စိတစ်မှိတ်အတွင်းပေါ်လာလိုက်လေသည်။ ချန်းယုတုံ့ပြန်ရန် အချိန်မရလိုက်ခင်၊ ချန်းယုကို အဝေးကိုထိုးနှက်ဖို့ အနက်ရောင်မြူသူထုတ်လွှင့်လိုက်လေသည်။

သူ့လက်တွေက လက်သည်းရှည်တွေအဖြစ်ပြောင်းသွားရင်း သူမနောက်ကို သူချက်ချင်းလိုက်လိုက်ကာ၊ ချန်းယုရဲ့နှလုံးသားဆီ တည့်တည့်ချိန်လိုက်လေသည်။

တဝီဝီမြည်သံနဲ့အတူ၊ သံလိုက်အိမ်မြှောင် လျှင်လျှင်မြန်မြန်လှည့်လာကာ၊ ချန်းယုနဲ့မကောင်းမှုဝိညာဉ်ကြား ရွှေရောင်အလင်းဖျော့ဖျော့ ထွက်လာ

ကာ၊ တစ်ဖက်လူ နီးကပ်လာတာကနေ ကာကွယ်တားဆီးလိုက်လေသည်။

"မိန်းကလေးချန်းယု။" ချန်းယုအပေါ်အောက်ပျံသန်းနေတာကိုမြင်တော့၊ ဟဲကျီ သူမနောက်ကို စိုးရိမ်တကြီးလိုက်လိုက်လေသည်။ သူမအဝေးနှစ်မီတာအကွာလောက်မှာ မမြင်ရတဲ့လေမုန်တိုင်းက သူတို့ကိုတားဆီးလာလိမ့်မယ်လို့ ဘယ်သူထင်မိမှာလဲ။

"နင်တို့တွေ... မလာခဲ့နဲ့။" ပြင်းထန်တဲ့အငြိုးကြီးလေပြင်းတွေကြောင့် ချန်းယုရဲ့မျက်လုံးတွေ မဖွင့်နိုင်လေတော့ဘူး။

"မင်းတို့တွေဘာလုပ်နေတာလဲ? သွားပြီးသူမကိုကယ်လိုက်!" ဟဲကျီရဲ့စကားပြောစက်ကနေ လော့မင်ရဲ့အသံ ရုတ်တရက်ထွက်ပေါ်လာလေသည်။

ဟဲကျီအံ့အားသင့်သွားလေသည်။ ပန်းခြံနောက်နားကအိမ်ကိုကြည့်ဖို့ သူ့ခေါင်းကိုလှည့်လိုက်တော့ ပြတင်းပေါက်သေးလေးရဲ့ရှေ့ လော့မင်ရပ်နေတာကို ဟဲကျီမြင်လိုက်လေသည်။

ဟဲကျီနောက်က ညီအစ်ကိုတော်တော်များများ တတိယသခင်လေးရဲ့အမိန့်ကိုကြားပြီးနောက် ရှေ့သို့ထပ်မံတိုးဝင်လိုက်လေပြန်တယ်၊ ဒါပေမဲ့ မမြင်ရတဲ့နံရံရဲ့တားဆီးတာကို ခံနေတုန်းဖြစ်လေသည်။

"တတိယသခင်လေး၊ ကျွန်တော်တို့ဝင်လို့မရဘူး။" ဟဲကျီလည်း ပူပင်သောကရောက်နေလေတယ်; လူတစ်ယောက်နဲ့ပတ်သတ်ပြီး တတိယသခင်လေး အရမ်းဂရုစိုက်တယ်ဆိုတာ အရမ်းရှားလှလေတယ်။ သူမသာ တတိယသခင်လေးရှေ့ မတော်တဆဖြစ်သွားမယ်ဆိုရင်၊ ဒါဆို အဲဒီနောက်အကျိုးဆက်တွေကို ဟဲကျီမတွေးရဲလေတော့ဘူး။

ဝေးကွာနေတဲ့လော့မင် စိတ်မရှည်မှုတွေနဲ့တောက်လောင်နေလေသည်။

သူ့ဆင်ခြင်တုံတရားသာ ဆုံးရှုံးသွားမယ်ဆိုရင်၊ သူကိုယ်တိုင် ပြေးဝင်သွားပြီး သူမကိုကယ်တင်ချင်လှလေသည်။ ဒါပေမဲ့ သူ့မကောင်းမှုဝိညာဉ်က မကောင်းမှုဝိညာဉ်တွေကို ပို၍သန်မာအောင်လုပ်ပေးတယ်လို့ မိန်းကလေးပြောဖူးတာကို သူအမှတ်ရနေသေးလေသည်။

လော့မင် သူ့ကိုယ်ထဲကမကောင်းမှုဝိညာဉ်ကို တစ်ခါထက်ပိုပြီးမုန်းတီးဖူးလေသည်။ သူလက်သီးဆုပ်လိုက်ပြီး နံရံကိုပြင်းပြင်းထန်ထန်ရိုက်လိုက်လေသည်။

"တတိယသခင်လေး" ထျန်းဖေမထိန်းနိုင်ဘဲ အော်လိုက်လေသည်။

"ဟဲကျီ" လော့မင် သူ့ကိုယ်သူတည်ငြိမ်အောင်လုပ်လိုက်လေသည်။ "မင်းတို့တွေ သာ ဘာလုပ်ပေးနိုင်လဲလို့ မိန်းကလေးကိုမေးကြည့်ကြည့်။"

ဟဲကျီ ချန်းယုကိုချက်ချင်းမေးလိုက်လေတယ်၊ မမြင်ရတဲ့စွမ်းအင်ကိုခုခံဖို့သံလိုက်အိမ်မြှောင်ကိုအသုံးပြုနေတဲ့သူမကိုပေါ့။ "မိန်းကလေးချန်းယု၊ ငါတို့မင်းအတွက်လုပ်ပေးနိုင်တာတစ်ခုခုများရှိလား?"

ချန်းယု သူမခေါင်းကို ခက်ခက်ခဲခဲလှည့်လိုက်လေသည်။ တတိယအစ်ကိုရဲ့အသံကို အစောနတုန်းက သူမကြားမိသလိုပဲ။ သူမမျက်လုံးတွေဖြည်းဖြည်းချင်းတောက်ပသွားပြီး သူမအော်လိုက်လေတယ်၊ "တတိယအစ်ကိုရဲ့ဧည့်ခန်းထဲက ကော်ဖီစားပွဲအောက်မှာ ငါအဆောင်နှစ်ခုထားထားတယ်၊ သွားပြီးအဲ့တာတွေကိုယူလိုက်!"

ချန်းယုရဲ့အသံထွက်လာပြီးနောက်၊ လော့မင်အောက်ထပ်ကို အလောတကြီးဆင်းသွားလိုက်ပြီး ကော်ဖီစားပွဲအောက်က အဆောင်နှစ်ခုကို ဆွဲထုတ်လိုက်လေသည်။ သူ့လက်ထဲ အဝါရောင်အဆောင်တွေရောက်လာတဲ့အချိန်မှာ အနီရောင်အလင်းပေါ်လာလေတယ်၊ ဒါပေမဲ့ လော့မင်အာရုံမစိုက်နေလေဘူး။ သူလှည့်လိုက်ပြီး ထျန်းဖေဆီအဆောင်တွေ

လှမ်းပေးလိုက်လေသည်။ "အခုချက်ချင်းပို့ပေးလိုက်။"

ထျန်းဖေ မနှောင့်နှေးရဲလေဘူး သူချက်ချင်းပြေးထွက်သွားကာ၊ တစ်မိနစ်အတွင်း အဲ့တာတွေကိုပေးပို့လိုက်လေသည်။

"မိန်းကလေးချန်းရဲ့အဆောင်တွေ ဒီမှာပါ၊ ငါဒါတွေနဲ့ ဘာလုပ်ရမလဲ?" ဟဲကျီ လျှင်လျှင်မြန်မြန်မေးလိုက်လေသည်။

"ပစ်... သူတို့ကိုအထဲပစ်လိုက်!" ချန်းယု သံလိုက်အိမ်မြှောက်ရဲ့စွမ်းအင်တွေ ထိန်းသိမ်းဖို့ရုန်းကန်နေရလေသည်။

ချန်းယုစကားဆုံးသွားတာနဲ့ ထျန်းဖေအဆောင်တွေကိုပစ်လိုက်လေသည်။ အနက်ရောင်သီးခြားရှိနေတဲ့အရာကို အဝါရောင်အဆောင်တွေထိသွားတာနဲ့၊ သူတို့ သွေးနီရောင်ထက်ရှုတဲ့မြှားတွေအဖြစ် ပြောင်းလဲသွားကြလေကာ၊ မကောင်းမှုဝိညာဉ်ရဲ့ကာကွယ်ပေးနေတဲ့မျက်နှာပြင်ကိုဖြတ်၍ သူ့နောက်ကျောတည့်တည့် ထိုးဖောက်သွားလေသည်။

"အား!" မကောင်းမှုဝိညာဉ်အော်လိုက်လေသည်။ ချန်းယုဆီဦးတည်နေတဲ့သူ့လက်တွေကိုဆုတ်လိုက်ပြီး အနောက်သို့ခြေလှမ်းတော်တော်များများဆုတ်သွားလေသည်။ ချန်းယု၊ မတ်တပ်ထရပ်ပြီးနေပြီဖြစ်တဲ့သူမကို တွန့်ဆုတ်တွန့်ဆုတ်ကြည့်လိုက်လေတယ်၊ ပြီးနောက် သူမနောက်က သနားစရာကောင်းသောတုန်ချောင်းကို ကြည့်လိုက်လေပြီး၊ အဝေးသို့မပြေးသွားခင် ရုတ်တရက် အနက်ရောင်စွမ်းအင်တိမ်တိုက်တစ်ခုအဖြစ်ပြောင်းလဲလိုက်လေသည်။

ချန်းယု လေထဲမျောနေတဲ့သံလိုက်အိမ်မြှောင်ကိုသိမ်းလိုက်ပြီး၊ သက်ပြင်းချရင်း၊ မကောင်းမှုဝိညာဉ်ရှိတဲ့ဦးတည်ရာကို ပြတ်ပြတ်သားသား ပြောချလိုက်လေတယ်၊ "နင့်မှာအစွမ်းအဆရှိရင်မပြေးလိုက်နဲ့၊ ငါဘယ်သူလဲ၊ ဒီရှီချီပယောဂနှင်သူက၊ ဘာကိုကြောက်ရမှာလဲ?"

"ဒီလိုအချိန်ကြီးမှာ ငါ့ကိုရယ်အောင်မလုပ်ပါနဲ့။" သခင်လေးတုန်၊ အခုလေးတင်သေတာကနေလွတ်မြောက်လာတဲ့သူ၊ မနေနိုင်ဘဲ လက်သီးပုန်းမှတ်ချက်လေးထိုးညှပ်ပေးလာလိုက်သည်။

ကြည့်ရှုနေသူများ တိတ်တိတ်လေးခေါင်းညိတ်လိုက်လေသည်။

စာရေးသူ၏မှတ်စု:

မကောင်းမှုဝိညာဉ်: အဲဒီရွှေရောင်အလင်းကတကယ်ကိုထူးဆန်းတယ်၊ ငါအကြိမ်တော်တော်များများအောင်မြင်တော့မလို့ကို။

ဝူလောင်: ငါ့ပြုပြင်ထိန်းသိမ်းရေးနဲ့ ဖိမ်ကျတဲ့နှိပ်နယ်ခံနေတာကို မင်းတို့ကောင်းတွေ နှောက်ယှက်နေကြတာလား?

ရှီချီး: ငါအန္တရာယ်ဖြစ်နေတာကို အဘိုးသိတယ် ဒါပေမဲ့ အဘိုးကတော့ဆက်ပြီးပြုပြင်ထိန်းသိမ်းရေးလုပ်နေတုန်းပေါ့?

ဝူလောင်: ဟဟာဟားဟား... (အရှိန်ပြည့်နဲ့ပြေးသွားလေတယ်)

***